

UNODC
United Nations Office on Drugs and Crime

Country Office Myanmar

# လမ်းညွှန်ချက်အကျဉ်းချုပ် - ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာလအတွင်း ကျင့်ဝတ်လိုက်နာ၍ ဖြောင့်မတ်တည်ကြည်စွာ မည်သို့ပြုမူနေထိုင်မလဲ

Alma Sedlar, UNCAC and Prevention of Corruption expert, UNODC

မေလ၊ ၂၀၂၀ ခုနှစ်
ရန်ကုန်၊ မြန်မာ

# ကျွန်ုပ်တို့၏ ရည်ရွယ်ချက်မှာ -

- ကျင့်ဝတ်များနှင့် ဖြောင့်မတ်တည်ကြည်မှုဆိုင်ရာ အခြေခံသဘောတရားများကို နားလည်သဘောပေါက်ရန်

- ကိုဗစ်-၁၉ ကူးစက်ရောဂါနှင့်ပတ်သက်၍ ကိုယ်ကျင့်တရား၊ ဖြောင့်မတ်တည်ကြည်မှုနှင့် အဂတိလိုက်စားမှုတို့အကြား ဆက်စပ်မှုများကို သတိပြုမိရန်

- ကိုဗစ်-၁၉ ကူးစက်ရောဂါကာလအတွင်း ကျင့်ဝတ် နှင့် ဖြောင့်မတ်တည်ကြည်မှု ရှိစွာ မည်သို့ပြုမူနေထိုင်ရမည်ကို နားလည်သဘောပေါက်ရန်

# ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာလတွင် ပြည်သူများ လိုက်နာသင့်သည့် ကျင့်ဝတ်ဆိုင်ရာ သတင်းစကား (၁)

မိမိအား ဦးစားပေး၍ ကုသမှုခံယူရန်နှင့် ကျန်းမာရေး ဝန်ဆောင်မှုများရရှိရန် သြဇာပေးခြင်း (သို့) မျက်နှာသာပေး ခြင်း နည်းလမ်းတို့ဖြင့် မကြိုးစားပါနှင့်။

အစိုးရ၏ Lock Down ဆိုင်ရာလမ်းညွှန်ချက်များကို လိုက်နာပါ။ တစ်စုံတစ်ဦး၏ အာဏာအသုံးပြု၍ ချမှတ်ထားသော စည်းကမ်းများကို ချိုးဖောက်ခြင်း မပြုလုပ်ပါနှင့်။

အသွားအလာ ကန့်သတ်၍ စောင့်ကြပ် ကြည့်ရှုခြင်း (Quarantine) ဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို မတိမ်း ရှောင်ဘဲ၊ လိုက်နာပါ၊

# ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာလတွင် ပြည်သူများ လိုက်နာသင့်သည့် ကျင့်ဝတ်ဆိုင်ရာ သတင်းစကား (၂)

မျက်နှာဖုံးအတု (သို့) အခြား အကာအကွယ်ပြုပစ္စည်းအတု တို့ ဝယ်ယူခြင်း/ ရောင်းချခြင်း တို့ကို ရှောင်ကြဉ်ပါ။

သတင်းအချက်အလက်များကို စစ်ဆေးပါ။ သတင်းအမှားများကို မယုံကြည်ပါနှင့် (သို့) မဖြန့်ဝေပါနှင့်။ ယုံကြည်နိုင်သည့် ဝက်ဘ်ဆိုက်များမှ ကိုဗစ်-၁၉ အခြေအနေနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို ရှာဖတ်ပါ။

ကူးစက်ရောဂါ ကာလအတွင်း အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများသို့ မလိုအပ်ဘဲ လူကိုယ်တိုင် သွားရောက်ခြင်းကို ရှောင်ကြဉ်ပါ။

# ကျင့်ဝတ်၊ ဖြောင့်မတ်တည်ကြည်မှု နှင့် အဂတိလိုက်စားမှု ဆိုင်ရာ အယူအဆများ



# ကျင့်ဝတ် ဆိုတာ ဘာလဲ?

- “ကောင်းမှု၊ မကောင်းမှု ဆိုတာ ဘာတွေလဲ ဆိုသည့် သဘောတရား နှင့် လူမှုတာဝန်နှင့် ဝတ္တရားများ ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ ”

- “ကိုယ်ကျင့်တရားဆိုင်ရာ စည်းမျဉ်းများ- ကိုယ်ကျင့်သီလ တန်ဖိုးများ ဆိုင်ရာသီအိုရီ (သို့) စနစ်တစ်ခု”
- *(Merriam-Webster dictionary)*






## ပုဂ္ဂိုလ်ရေး တန်ဖိုးများ

- “ပုဂ္ဂိုလ်ရေးတန်ဖိုးဆိုသည်မှာ မိမိတို့အတွက် အရေးကြီးသော အရာများ ဖြစ်သည်၊ မိမိတို့အား နှိုးကြားတက်ကြွစေပြီး မိမိတို့၏ ဆုံးဖြတ်ချက်များအား လမ်းညွှန်ပေးသည့် ဝိသေသလက္ခဏာများနှင့် အပြုအမူများ ဖြစ်သည်”

# ဖြောင့်မတ်တည်ကြည်မှု



# ဖြောင့်မတ်တည်ကြည်မှု ဆိုတာ ဘာလဲ?


- ဖြောင့်မတ်တည်ကြည်မှုဟူသော သဘောတရားသည် လက်တင်ဘာသာစကား "Integritas" (ပြည့်ဝခြင်း) မှ ဆင်းသက်လာသည်။

- ယင်းအား ယုံကြည်မှုများ၊ ဆုံးဖြတ်ချက်များနှင့် အပြုအမူများ အကြား ကိုက်ညီမှုရှိခြင်းဟု အဓိပ္ပါယ်ဖွင့်ဆိုပြီး၊ တန်ဖိုးများနှင့် စည်းမျဉ်းများကို ဆက်လက် လိုက်နာစေသည်။

- ယင်းနှင့်ဆက်စပ်၍ မကြာခဏ ရည်ညွှန်းပြောဆိုသော တန်ဖိုးအချို့မှာ ရိုးသားမှု၊ ပွင့်လင်းမှု၊ တာဝန်ယူမှု/တာဝန်ခံမှု၊ ယုံကြည်ထိုက်မှုတို့ ဖြစ်သည်။

# ဖြောင့်မတ်တည်ကြည်မှု ဆိုတာ ဘာလဲ

- ဖြောင့်မတ်တည်ကြည်မှုကို ဥပမာအား ဖြင့်ဆိုရလျှင် မှန်ကန်သော အရာကို မိမိ အလေးအနက်ထားသော တန်ဖိုးများ၊ ယုံကြည်မှုများ၊ အခြေခံမူများနှင့် အညီ တသမတ်တည်း ဆောင်ရွက်ခြင်း ဖြစ်သည်။
- လူတစ်ယောက်သည် ဖြောင့်မတ်တည်ကြည်မှု (သို့) ကျင့်ဝတ်တို့နှင့် အတူ (သို့) ယင်းတို့မပါဘဲ မွေးဖွားလာခြင်းမျိုး မဟုတ်ပေ၊ ဖြောင့်မတ်တည်ကြည်မှု (သို့) ကျင့်ဝတ်များကို မိသားစုနှင့် လူ့အသိုင်းအဝိုင်းမှ လေ့လာသင်ယူခြင်း ဖြစ်သည်။






# အဂတိလိုက်စားခြင်း ဆိုတာဘာလဲ?

"အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ပုဂ္ဂိုလ်ရေး အကျိုးအမြတ်အတွက် အလွဲသုံးစား ပြုလုပ်ခြင်း"

(Transparency International)

## အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်း(UNCAC)




ကမ္ဘာလုံးဆိုင်ရာ တရားဝင် သဘောတူထားသည့် ပထမဆုံးနှင့် တစ်ခုတည်းသော အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ သဘောတူညီချက်

ကုလသမဂ္ဂ အထွေထွေညီလာခံမှ ၂၀၀၃ ခုနှစ် အောက်တိုဘာလ ၃၁ ရက်တွင် ထုတ်ပြန်ချက် ၅၈/၄ ဖြင့် ချမှတ်ခဲ့သည်။

စတင်အသုံးပြုခဲ့သည့်နေ့ -
၂၀၀၅ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်

မြန်မာနိုင်ငံ -
၂၀၀၅၊ ဒီဇင်ဘာ ၂ ရက်တွင် လက်မှတ်ရေးထိုးခဲ့
၂၀၁၂၊ ဒီဇင်ဘာ ၂၀ တွင် အတည်ပြုခဲ့
၂၀၁၃၊ ဇန်နဝါရီ ၁၉ တွင် စတင်ကျင့်သုံး

# အဂတိလိုက်စားခြင်း၏ အကျိုးသက်ရောက်မှုများ

ဆင်းရဲနွမ်းပါးမှု နှင့် မမျှတမှု

တစ်ကိုယ်ရေ နစ်နာဆုံးရှုံးမှု၊
ခြိမ်းခြောက်ခြင်း နှင့်
အဆင်မပြေမှု

တရားစီရင်ရေးတွင် သန့်ရှင်းမှု
မရှိဘဲ ဘက်လိုက်ခြင်း


အုပ်စုဖွဲ့ပြစ်မှုကျူးလွန်မှုနှင့်
အကြမ်းဖက်မှု

အဂတိလိုက်စားခြင်းသည်
တရားဥပဒေစိုးမိုးရေးကို
အားနည်းစေပြီး
စီးပွားရေးကိုလည်း
ဆုတ်ယုတ်လျော့ပါးစေသည်

လူ့အခွင့်အရေးများ ဆုံးရှုံးမှု

# အဂတိလိုက်စားခြင်းသည်

- စီးပွားရေးကို ပျက်စီးစေသည်
- နိုင်ငံရေး မတည်ငြိမ်မှုကို ဖြစ်စေတတ်သည်
- လူမှုဘဝများကို ပျက်စီးစေတတ်သည် (အထူးသဖြင့် ကျန်းမာရေးပြဿနာ၊ ကူးစက်ရောဂါပျံ့နှံ့ချိန်နှင့် သဘာဝဘေးအန္တရာယ်ကြုံတွေ့ချိန်တို့တွင်)





# ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာလတွင် အဂတိလိုက်စားမှု အန္တရာယ်များ (၁)

ဝယ်ယူရေးလုပ်ငန်းများအား အလျင်အမြန် အလွယ်တကူ ဆောင်ရွက်ခြင်းသည် အဂတိလိုက်စားခြင်းနှင့် လာဘ်ပေးလာဘ်ယူခြင်းဆိုင်ရာ အခွင့်အလမ်းများကို ဦးတည်စေသည်။

ကာကွယ်ရေးနှင့် ဆေးပစ္စည်းကိရိယာတို့ အလျင်အမြန် ဝယ်ယူခြင်းကြောင့် အဂတိလိုက်စားခြင်းနှင့် လာဘ်ပေးလာဘ်ယူမှု အန္တရာယ်များ ကြုံတွေ့စေနိုင်သည်။

ဆေးဝါးကိရိယာ ဝယ်ယူမှုတွင် လိမ်လည်ခံရနိုင်မှု အန္တရာယ် ရှိနိုင်သည်။

# ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာလတွင် အဂတိလိုက်စားမှု အန္တရာယ်များ (၂)

မစစ်ဆေးနိုင်သည့် ဆေးဝါးကူညီမှုရယူခြင်း၊ ဗီဇာများ (သို့) အသွားအလာ ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုခြင်း (Quarantine) ကာလအား စောစီးစွာလွှတ်ပေးမှုတို့နှင့် ဆက်စပ်၍ လာဘ်ပေးလာဘ်ယူမှု အန္တရာယ်များ

အကယ်၍ တိကျသော စံသတ်မှတ်ချက်များနှင့် လုံလောက်သော ထိန်းကျောင်းမှု၊ စစ်ဆေးမှုနှင့် လုပ်ထုံးလုပ်နည်းတို့ အတွက် ကြိုတင်သတ်မှတ်မထားလျှင် ကိုဗစ်-၁၉ အတွက် ကူညီထောက်ပံ့မှုများသည် အမှန်တကယ် လိုအပ်သော လူထုအစား အကျိုးမခံစားသင့်သော လူများနှင့် ကုမ္ပဏီများက ရရှိသွားနိုင်သည့် အန္တရာယ်




# ကျင့်ဝတ် (CoC)

# ကျင့်ဝတ် (CoC) ဆိုတာ ဘာလဲ?

- ကျင့်ဝတ် (CoC) ဆိုသည်မှာ အဖွဲ့အစည်းတစ်ခု (ဆေးရုံ၊ ကုမ္ပဏီ၊ တက္ကသိုလ် စသဖြင့်) မှ အဖွဲ့ဝင်များအား ကိုယ်ကျင့်သီလနှင့်အညီ ပြုမူရန်၊ ကိုယ်ကျင့်သီလနှင့် စာရိတ္တကို အခြေခံသည့် မှန်ကန်သော ဆုံးဖြတ်ချက်များအား လက်ခံရန် ညွှန်ပြသည့် စည်းမျဉ်းများဖြစ်သည်



# မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ၏ ကျင့်ဝတ် (CoC)

<u>အနာဂတ် မျှော်မှန်းချက်</u> - နိုင်ငံတစ်ဝန်းတွင် ပျံ့နှံ့နေသော အဂတိလိုက်စားမှုများကို အများပြည်သူတို့နှင့်အတူ လက်တွဲ၍ တွန်းလှန်တိုက်ဖျက်ခြင်းဖြင့် အများပြည်သူတို့၏ ဘဝများ သာယာဝပြောလာစေရန်။

<u>ရည်ရွယ်ချက်</u> - ဂုဏ်သိက္ခာနှင့်အညီ တာဝန်ထမ်းဆောင်ရာတွင် မှန်ကန်တည့်မတ်စွာ ဆောင်ရွက်နိုင်ရန်အတွက် လမ်းညွှန်မှုအဖြစ် အသုံးပြုရန်။




<u>အခြေခံမှုများ</u>

(က) ဖြောင့်မတ်တည်ကြည်မှု

(ခ) လွတ်လပ်စွာရပ်တည်နိုင်မှု


(ဂ) တာဝန်ယူမှု

(ဃ) ပွင့်လင်းမြင်သာမှု

(င) မျှတမှု

(စ) အားလုံးပါဝင်နိုင်မှု

# လမ်းညွှန်ချက်အကျဉ်းချုပ်- ကိုဗစ်-၁၉ ကူးစက်ရောဂါကာလတွင် ကျင့်ဝတ်လိုက်နာ၍ ဖြောင့်မတ်တည်ကြည်မှုရှိစွာ မည်သို့ ပြုမူနေထိုင်မလဲ?















# ကိုဗစ်-၁၉ ကူးစက်ရောဂါကာလအတွင်း ကျင့်ဝတ်နှင့် ဖြောင့်မတ်တည်ကြည်မှုရှိစွာ မည်သို့ နေထိုင်မည်လဲ?

၁) သင်၏ ပုဂ္ဂိုလ်ရေးတန်ဖိုးများကို လိုက်နာပါ

၂) လာဘ်ပေးခြင်း (သို့) လာဘ်တောင်းခံခြင်းကို ရှောင်ကြဉ်ပါ

၃) အဂတိလိုက်စားခြင်းအား တိုင်ကြားပါ!

# ၁) သင်၏ ပုဂ္ဂိုလ်ရေးတန်ဖိုးများကို မည်သို့လိုက်နာမလဲ ?

၁) သင်၏ ပုဂ္ဂိုလ်ရေးနှင့် ကျင့်ဝတ်ဆိုင်ရာ တန်ဖိုးများအကြောင်းနှင့် ကိုဗစ်-၁၉ ကူးစက်ရောဂါကာလအတွင်း ယင်းတန်ဖိုးများကို သင်မည်သို့ လိုက်နာနိုင်သည် တို့အား မိသားစုနှင့် လုပ်ဖော်ကိုင်ဖက်များဖြင့် ဆွေးနွေးပါ။

၂) အဂတိလိုက်စားမှု ကော်မရှင်၏ ကျင့်ဝတ် (CoC) အား ဖတ်ရှုပြီး၊ ယင်းအခြေခံ စည်းမျဉ်းတို့အား ကိုဗစ်-၁၉ ကာလအတွင်း သင်၏လုပ်ငန်းတွင် မည်သို့အသုံးပြုနိုင် သလဲ တွေးတောပါ။

၃) ကိုဗစ်-၁၉ ကာလအတွင်း သင်မည်သို့ ခံစားရသည်ကို မိသားစုနှင့် သူငယ်ချင်း များအပေါ် ရိုးသားစွာဖော်ပြပါ

# ၂) လာဘ်ပေးခြင်းကို မည်သို့ရှောင်ကြဉ်မလဲ ? - ၁

- ဆေးကုသခြင်း ဝန်ဆောင်မှုများနှင့် ဆေးဝါးတို့ ဦးစားပေးရရှိရန် မလျော်ကန်စွာဆောင်ရွက်ခြင်းကို ရှောင်ကြဉ်ပါ။

- အသွားအလာကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုခြင်း (Quarantine) စည်းမျဉ်းများ ချိုးဖောက်ခြင်းကို ရှောင်ကြဉ်ပါ။

- မျက်နှာဖုံးအတု (သို့) အခြားကာကွယ်ရေးပစ္စည်း အတုတို့ ဝယ်ယူခြင်း/ ရောင်းချခြင်းအား ရှောင်ကြဉ်ပါ။

# ၂) လာဘ်ပေးခြင်းကို မည်သို့ရှောင်ကြဉ်မလဲ ? -၂

- မျက်နှာဖုံး (သို့) လက်အိတ်များကို မလျော်ကန်စွာ မြင့်မားသော စျေးနှုန်းဖြင့် ဝယ်ယူခြင်း/ရောင်းချခြင်းတို့ကို ရှောင်ကြဉ်ပါ။


- ကူးစက်ရောဂါ ကာလအတွင်း အများပြည်သူဆိုင်ရာအဖွဲ့အစည်း များနှင့် ဖြစ်နိုင်သမျှ Online လုပ်ငန်းစဉ်များဖြင့်သာ လုပ်ဆောင်ပါ။


# ၃) အဂတိလိုက်စားခြင်းအား တိုင်ကြားပါ










# UNODC ၏ တုံ့ပြန်ဆောင်ရွက်မှု


UNODC
United Nations Office on Drugs and Crime

COVID-19 RESPONSE

ACCOUNTABILITY AND THE PREVENTION OF CORRUPTION

in the allocation and distribution of emergency economic rescue packages in the context and aftermath of the COVID-19 pandemic

## A contribution to the economic security of countries and communities

On 11 March 2020, the World Health Organization (WHO) announced that the current outbreak of the coronavirus disease 2019 (COVID-19), a respiratory illness caused by the Severe Acute Respiratory Syndrome Coronavirus 2 (SARS-CoV-2), is a pandemic.[1]

taking such emergency measures, Member States have necessarily relaxed safeguards by trading compliance, oversight and accountability for speed of response and achievement of rapid impact, thus leading to the creation of significant opportunities for corruption to thrive.

While recognizing the need for urgent action to prevent economic and social collapse, the lack of sufficient accountability and oversight mechanisms in the allocation and distribution of economic stimulus packages increases the risk that corruption and fraud will weaken the impact of the measures being taken and result in a


Two things awe me most,
the starry sky above me
and the moral law within me.

Immanuel Kant

UNODC
United Nations Office on Drugs and Crime


# ကျေးဇူးတင်ပါသည်



Alma Sedlar
UNCAC and Prevention of Corruption Expert, UNODC
E: alma.sedlar@un.org


United Nations Office on Drugs and Crime (UNODC)
Country Office, Myanmar

# Suggested additional reading:

1. UNODC. Accountability and the Prevention of Corruption. Available at: https://www.unodc.org/documents/Advocacy-Section/COVID-19_and_Anti-Corruption-2.pdf
2. Advisory Note: Covid-19 and Corruption in the Pacific. Available at: https://www.pacific.undp.org/content/pacific/en/home/library/eg/covid19-and-corruption-in-the-pacific.html
3. World Health Organization. Doing what Matters in Times of Stress: An Illustrated Guide. Available at: https://www.un.org/sites/un2.un.org/files/who_doing_what_matters_in_times_of_stress.pdf



# Sources


- Anti-Corruption Commission Myanmar webpage. Available at: https://www.accm.gov.mm/acc/
- ACC Myanmar Facebook page. Available at: https://www.facebook.com/accmyanmar/
- Envatotuts. What Are Your Personal Values? How to Define & Live by Them. Available at: https://business.tutsplus.com/tutorials/what-are-personal-values--cms-31561
- Genesis health care system: How to wash your hands. Available at: https://www.genesishcs.org/news-publications/newsroom/how-to-wash-your-hands-infographic
- Integrity. Stanford Encyclopedia of Philosophy. Available at: https://plato.stanford.edu/entries/integrity/
- Mrcela, M.: Corruption Risks and Useful Legal References in the context of Covid-19. Greco. Available at: https://www.coe.int/en/web/portal/-/covid-19-pandemic-greco-warns-of-corruption-risks
- Transparency international: Glossary. Available at: https://www.transparency.org/glossary
- UN Convention against Corruption. Available at: https://www.unodc.org/unodc/en/treaties/CAC/
- United Nations. Covid Response. Webpage. Available at: https://www.un.org/en/coronavirus
- What is Ethics. Merriam-Webster dictionary. Available at: https://www.merriam-webster.com/dictionary/ethic
- Sources of pictures: What is Ethics. My Own Business Intitute. Available at:https://www.scu.edu/mobi/
- Genesis health care system: How to wash your hands. Available at: https://www.genesishcs.org/news-publications/newsroom/how-to-wash-your-hands-infographic